THE GLOBAL NEW LIGHT OF MYANMAR

Vol. X, No. 23, 7th Waning of Kason 1385 ME | www.gnlm.com.mm | Wednesday, 10 May 2023

# Those from organizations with various titles including PDFs in armed struggle line invited to return to legal fold

9 May 2023

1. The State Administration Council is discharging the State responsibilities under the Constitution (2008) of the Republic of the Union of Myanmar while implementing the Five-Point Road Map and 12 Objectives to build a Union based on genuine, disciplined democracy and federalism. Meanwhile, as those wishing to politically indoctrinate the people and make attempts to cause the utter devastation of the State unlawfully formed the Committee Representing Pyidaungsu Hluttaw (CRPH), the National Unity Government (NUG) and their subordinate People's Defence Forces (PDFs) and committed armed terror acts, the government declared them as the terrorist groups under the Counter-Terrorism Law.

SEE PAGE-4

# Those from organizations with various titles including PDFs in armed struggle line invited to return to legal fold

FROM PAGE-1

2. These terrorist groups persuaded innocent people to join the terror organizations with indoctrination based on frightening, sending them to the areas of ethnic armed organizations for attending the explosives courses and participate in the ethnic armed organizations to commit murders in terrorist acts and attacks. A large number of Buddhist monks, State service personnel and innocent people lost their lives in the terror attacks. These terror acts hindered the development of the nation.
3. As the strength of the nation lies within, the nation will reach its goal in a short time only when the development of the nation and construction of the Union based on genuine, disciplined democracy and federalism can be carried out with concerted efforts of the people through might and main. Hence, now is the time to make cooperative efforts to build the State by struggling free from the indoctrination of those who attempt to cause utter devastation to the country, and those involved in terrorist groups including PDF for various reasons and illegal organizations are invited to return to the legal fold for participation in the nation-building tasks. If those who returned to the legal fold committed crimes such as murder, rape and harming others, they would face trials at the court under the law and the government would ease any restrictions over them depending on their crimes under the law.
4. If they return to the legal fold, necessary assistance will go to them, and cash awards will be given to those who bring arms and ammunition as follows:-
   (a) K5 million per gun from the rifle types
   (b) K2 million per gun from pistol types
   (c) K3 million per shotgun
   (d) K7.5 million per mortar, launcher, RPG
   (e) K500,000 per homemade shotgun, homemade mortar, homemade gun
   (f) K300,000 per homemade mine and grenades
   (g) K200,000 per other equipment except for arms and munitions, (e.g., walkie-talkie)
   (h) K5 million per drone which can be used in bombing
5. As such, those wishing to return to the legal fold are invited and urged to contact district and township administration bodies, military camps and police stations.

*State Administration Council*
*Information Team*

# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဥာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၁၈)


## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်ခြင်း

(၂၀၂၃ ခုနှစ်၊ မေလ ၉ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံတော်ကို စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်သူလူထုအား နိုင်ငံရေးဝါဒမှိုင်းတိုက်ပြီး နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေး ဦးတည်ဆောင်ရွက်လိုသူများက ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နှင့် NUG ၏ လက်ဝေခံဖြစ်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့(PDF) အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများကို ဥပဒေမဲ့ တရားမဝင်ဖွဲ့စည်း၍ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသဖြင့် နိုင်ငံတော်က အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများက အပြစ်မဲ့ပြည်သူများကို အကြောက်တရားဖြင့် ဝါဒမှိုင်းတိုက်၍ ဆွဲဆောင်စည်းရုံးကာ အကြမ်းဖက်အဖွဲ့အစည်းများသို့ ဝင်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာဒေသများသို့ စေလွှတ်၍ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ

*စာမျက်နှာ ၆ ကော်လံ ၁* ❍

❍ *ရှေ့ဖုံးမှ*

တက်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်စေခြင်းတို့ကို လုပ်ဆောင်စေခဲ့ပြီး လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှုများကို လုပ်ဆောင်စေခဲ့ပါသည်။ ၎င်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူအမြောက်အမြား အသက်ဆုံးရှုံးခဲ့ကြရပါသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်ပေါ်စေခဲ့ပါသည်။

၃။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူများ၏စုပေါင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသောဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မှသာ လိုရာပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသူများ၏ ဝါဒမှိုင်းအောက်မှရုန်းထွက်ကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ကြရမည့်အချိန်အခါဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်း ရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်အပ်ပါသည်။ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ပါးအပေါ်ထိခိုက်နစ်နာစေမှု စသည့်ပြစ်မှုတစ်ခုခု ကျူးလွန်ထားသူဖြစ်ပါက ဥပဒေအရ တရားရုံးတွင် အမှုရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်မှုအတိုင်းအတာအပေါ်မူတည်၍ ဥပဒေကြောင်းအရ လိုအပ်သည့်ဖြေလျှော့မှုများကို ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက လိုအပ်သည့်ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်နက်/ခဲယမ်းပါရှိလာသူများကို အောက်ပါအတိုင်း ဆုကြေးငွေ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည် -

(က) ရိုင်ဖယ်အုပ်စုဝင်သေနတ် (၁) လက်ပါရှိပါက ကျပ် (၅၀) သိန်း၊
(ခ) ပစ္စတိုအုပ်စုဝင်သေနတ်(၁)လက်ပါရှိပါက ကျပ် (၂၀) သိန်း၊
(ဂ) ပြောင်းချောသေနတ်(၁)လက်ပါရှိပါက ကျပ် (၃၀) သိန်း၊
(ဃ) စိန်ပြောင်း၊ လောင်ချာ၊ အာပီဂျီကဲ့သို့သော လက်နက်များ(၁)လက်ပါရှိပါက ကျပ် (၇၅)သိန်း၊
(င) လက်လုပ်ပြောင်းချောသေနတ်၊ လက်လုပ်စိန်ပြောင်း၊ လက်လုပ်သေနတ် (၁)လက်ပါရှိပါက ကျပ်(၅)သိန်း၊
(စ) လက်လုပ်မိုင်းများ၊ လက်ပစ်ဗုံးများပါရှိပါက ကျပ်(၃)သိန်း၊
(ဆ) လက်နက်/ခဲယမ်းမှအပ အခြားအသုံးအဆောင်ပစ္စည်းများ (ဥပမာ- စကားပြောစက်) ပါရှိပါက ကျပ် (၂)သိန်း။
(ဇ) ဗုံးဖောက်ခွဲရေးအတွက် အသုံးပြုနိုင်သော Drone (၁) စင်းပါရှိပါက ကျပ်(၅၀)သိန်း။

၅။ သို့ဖြစ်ပါ၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပို့၍ ဝင်ရောက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**